# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၉)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ၄-၇-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ (International Conference on Intellectual Property - 2025)ကို Digital နည်းပညာအသုံးပြု၍ အခမ်းအနားဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ -၂၀၂၅ သို့ တက်ရောက်အမှာစကားပြောကြား

## ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ (International Conference on Intellectual Property - 2025) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ မူပိုင်ခွင့်ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပ စာတမ်းရှင်များ၊ ဥပဒေကျွမ်းကျင်သူပညာရှင်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်း သားများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ စာမျက်နှာ ၃ သို့★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၄ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# ထူးမြတ်လှသည့် ဝါဆိုလ

ဝါဆိုလသည် မြန်မာဆယ့်နှစ်လရာသီတွင် လေးလမြောက်လဖြစ်သည်။ မြန်မာလူမျိုးအနွယ်ဝင်အားလုံးသည် ဝါဆိုလကို ဗုဒ္ဓဘာသာရေးအရ ထူးမြတ်သောလ ဟုဆိုကြသည်။ ဝါဆိုလဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်း မပြုမီက ဝါဆိုလကို "နယ်ကာလ"၊ "နွေတလ"ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ နွေရာသီလွန်ပြီးသော အဆုံးဖြစ်သောလ၊ လယ်မြေတိုင်းလ၊ မြေတိုင်းလဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။ ဝါဆိုလသည် မြတ်စွာဘုရားရှင်၏ ဝိနည်းဒေသနာကို ကြည်ညိုခွင့်ရသောလ၊ မြန်မာလူမျိုးတို့၏ စိုက်ပျိုးရေးနှင့်သက်ဆိုင်သောလ၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သောလ ဟူ၍ ဆိုထိုက်သည်။ ဝါဆိုလသည် မိုးဦးကျကာလ ဖြစ်ခြင်းကြောင့် မိုးရည်နို့စက်ကို သောက်စို့ရသဖြင့် မိကျောင်းပန်းများပွင့်လန်းလာသည်။ "လဝါဆိုပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"ဟုပင်ဆိုရိုးရှိခဲ့သည်။ ပုန်းညက်မာလာတို့သည်လည်း ပွင့်အာ၍ လာကြသည်။ မြလေးရုံတောစပ်မှ မြတ်လေးပန်းတို့က တသင်းသင်းကြိုင်နေကြသည်။

မိုးဦးကျရာသီ မိုးဖြိုင်ဖြိုင်လေးရွာချချိန်ဖြစ်၍ "ဝါဆို ဝါခေါင် ရေဖောင်ဖောင်"ဟု ဆိုကြပြန်သည်။ ဝါဆိုလသည် မိုးသားတိမ်ရိပ်များ ပြည့်လျက် ဟိုသည် လှည့်လည်ရွေ့လျားကာ မိုးရွာသွန်းသော အချိန်ကာလရာသီတစ်ခုလည်းဖြစ်သည်။

စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာလူမျိုးနှင့်မြန်မာနိုင်ငံအတွက် ဝါဆိုလသည် အနောက်တောင်မုတ်သုံလေများ ဝင်ရောက်တိုက်ခတ်ရာလဖြစ်နေသဖြင့် မြန်မာပြည်အနှံ့ မိုးဖြိုင်ဖြိုင် ရွာသွန်းနေတတ်သည်။ ဆန်စပါး ကောက်ပဲသီးနှံများသာမက မြစ်ချောင်းများတွင် ရေများပြည့်လျှံပြီး ဆည်မြောင်းတာတမံများတွင်လည်း ရေပြည့်ဝလာကာ သီးနှံစိုက်ပျိုးရေး အများဆုံး ဖွံ့ဖြိုးတိုးတက်သောကာလ စိုက်ပျိုးရေးလလည်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်ရှိပြီးနောက် မွေးမိခင်ကျေးဇူးရှင်၏ ကျေးဇူးတရားကို ပေးဆပ်နိုင်ရန် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူခဲ့သည်။ မယ်တော်သည် တာဝတိံသာနတ်ပြည်၌ နတ်သားတစ်ပါးဖြစ်နေကြောင်းသိမြင်ခဲ့ရသည်။ မယ်တော်နတ်သားအား တရားဦးဟောကြားတော်မူရန် တာဝတိံသာနတ်ပြည်သို့ ကြွချီသောအခါသမယသည် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် မြန်မာလူမျိုးတို့အတွက် နေ့ထူးနေ့မြတ်များတွင် အပါအဝင်ဖြစ်သည်။

ဝါဆိုလတွင် မြန်မာလူမျိုးတို့သည် အလှူပွဲများကို နေရာအနှံ့အပြားတွင် ကျင်းပလေ့ရှိကြသည်။ ဘုန်းတော်ကြီးကျောင်းများကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ ရပ်ကွက်တိုင်းတွင်လည်း အလှူပွဲများကျင်းပပြီး ဘုန်းတော်ကြီးများကို ပင့်ဖိတ်ကာ တရားပွဲများ ဆင်ယင်ကျင်းပကြသည်။ ထို့အပြင်ဝါဆိုဝါကပ်တော်မူကြသော ဘုန်းတော်ကြီးကျောင်းများကို ပစ္စည်းလေးပါး လိုလေသေးမရှိအောင်လှူဒါန်းကြသည်မှာ မြန်မာတို့အတွက် ကုသိုလ်ရရှိသောလလည်းဖြစ်သည်။ ဝါတွင်းသုံးလပတ်လုံး ဝါဝင်သည်ဟူ၍ သတ်မှတ်ကာ လပြည့်၊ လကွယ် ရှစ်ရက်ဥပုသ်စသည်ဖြင့် ဥပုသ်သီတင်းသီလများ ခံယူဆောက်တည်ကြသည်မှာ သီတင်းကျွတ်၊ တစ်နည်း ဝါကျွတ်သည်အထိဖြစ်သည်။

သို့ဖြစ်ရာ ထူးမြတ်လှသည့် ဝါဆိုလသည် ဗုဒ္ဓသာသာဝင်မြန်မာလူမျိုးတို့အဖို့ ကိုယ်ကျင့်တရား၊ စာရိတ္တတရား၊ သီလတရားတို့ ခိုင်မြဲအောင်၊ ပြည့်စုံအောင်ဖြည့်ဆည်းသောလဖြစ်သောကြောင့် ကောင်းမြတ်သောစိတ်နှလုံးထားများဖြင့် နေထိုင်ကျင့်ကြံရမည် ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

## စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂၅) နှစ်ပြည့် ငွေရတုပညာသင်နှစ် သြဝါဒခံယူပွဲပြုလုပ်



**မန္တလေး ဇူလိုင် ၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ (၂၅)နှစ်ပြည့်၊ ငွေရတုပညာသင်နှစ် သြဝါဒခံယူပွဲကို ဇူလိုင် ၁ ရက်က ပြုလုပ်သည်။

စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး ယခုအခါ (၂၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၈၀၀ ခန့်ကို ဆရာ၊ ဆရာမ ၃၅ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး လစဉ်ပြုလုပ်နေကြ ဆရာတော်၏ သြဝါဒခံယူပွဲကို နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ရာ ရှေးဦးစွာ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက၊ ဆရာ၊ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ကျောင်းသူများကို သြဝါဒစကားမိန့်ကြားခဲ့သည်။

ဆက်လက်၍ ဆရာတော် သြဝါဒကိုခံယူလျက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုလှိုင်က ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အမှာစကား ပြောကြားကာ "ရတနာ့သုတ်" ပရိတ်တရားတော်ကို တစ်ဦးချင်း ရွတ်ပွားပူဇော်စေခဲ့သည်။ ပူဇော်သူ ရှင်သာမဏေ၊ သီလရှင်လေးများနှင့် ကျောင်းသား၊ကျောင်းသူများအား ရှင်သာမဏေသင်္ကန်း၊ သီလရှင်ဝတ်စုံနှင့် ကျောင်းဝတ်စုံများ ချီးမြှင့်ခဲ့သည်။

ထို့နောက် ဇူလိုင် ၉ ရက်တွင် ကျရောက်မည့် ဝါဆိုလပြည့်နေ့အတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ရည်စူး၍ ဝါဆိုသင်္ကန်းများ၊ ဝါဆိုပန်းများ၊ ပစ္စည်းလေးပါးတို့ဖြင့် ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့ကို ပူဇော်မည်ဖြစ်ကြောင်း၊ ကျောင်းသား၊ကျောင်းသူများက ပါဝင်လှူဒါန်းရန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုလှိုင်က နှိုးဆော်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ဓမ္မစေတီတော်များ ပြုပြင်ရန်အတွက် အလှူငွေများလှူဒါန်း

**မန္တလေး ဇူလိုင် ၃**

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်းရှိ ဓမ္မစေတီတော်များပြုပြင်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဘုရား၌ ကျင်းပသည်။

အလှူငွေများလှူဒါန်းရာတွင် Dr နိုင်ထွဋ်အောင်+ Dr ဝေဝေရင် (သား) ကိုရန်ငြိမ်းအောင်၊ ကိုမိုးမြတ်အောင် ကွန်းခိုရာ မိသားစုက ဓမ္မစေတီ(၆၀)ဆူအတွက် ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ မိဘနှစ်ပါးအားရည်စူး၍ ကိုကျော်သင်း+မယဉ်ယဉ်ဌေး ဇေရက်ရွှေပန်းထိမ်ရွှေဆိုင်မိသားစုက ဓမ္မစေတီ ၅ ဆူအတွက် ငွေကျပ် ၂၅ သိန်း လှူဒါန်းရာ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် ဂေါပကအဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး



ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ငွေတော်ကျီကုန်းရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈လမ်းကြား၊ MIIT ကျောင်းရှေ့တို့တွင် လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ ၆၈ လမ်းနှင့် ၄၁ လမ်းထောင့်၊ ဓမ္မာရုံရှေ့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွဓမ္မာရုံ၊ စစ်ကိုင်း-မန်းလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်  နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ -၂၀၂၅ တွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ (International Conference on Intellectual Property – 2025) ကို Digital နည်းပညာအသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့်အချက်များအပေါ်တွင်မူတည်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ (International Conference on Intellectual Property – 2025) အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ၏ မူပိုင်ခွင့်စနစ် ကျင့်သုံးနေမှုအခြေအနေ၊ အားသာချက်၊ အားနည်းချက်နှင့် ဆက်လက် ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် ယခုကဲ့သို့နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့အပြင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားတိုးတက်စေရန်၊ ဆန်းသစ်တီထွင်မှု၊ ဖန်တီးနိုင်မှုနှင့် စွန့်ဦးတီထွင်မှုတို့ကို မြှင့်တင်ပေးရန်၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့သည်လည်း ညီလာခံ၏ ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုညီလာခံကြီးကို "မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန်" ဆိုသည့် ဦးတည်ချက်ဖြင့် ဆွေးနွေးသွားကြရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပုဒ်မ ၃၇(ဂ) တွင် "နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်" ဟုပြဋ္ဌာန်းထားကြောင်း၊ ထို့အပြင် ပုဒ်မ ၃၇၂ တွင်လည်း "ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကိုဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်ကအာမခံသည်" ဟုလည်း ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် တီထွင်ဖန်တီးမှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်စေရန်အတွက် မူပိုင်ခွင့်ဥပဒေလေးမျိုးဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၁၉ ခုနှစ်အတွင်း၌ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၂၃ ခုနှစ်ထဲတွင်လည်းကောင်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း အာဏာတည်ခဲ့ပြီး အထူးဥပဒေ (Special Law) များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ★

★ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့်အချက်များအပေါ်တွင်မူတည်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်ကို တွေ့ရှိရမည်

★ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)နှင့် ကမ္ဘာ့မူပိုင်ခွင့် အဖွဲ့ (WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်နှင့်ဆက်စပ်သည့် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights – TRIPS Agreement)ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှအဖွဲ့ဝင် နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (ASEAN Framework Agreement on Intellectual Property Co-operation) ကိုလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC)တွင်ပါရှိသည့် အာဆီယံဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြားသောဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ မူပိုင်ခွင့်ကိစ္စများတွင် လိုက်နာကျင့်သုံး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်ကုလသမဂ္ဂအဖွဲ့ကသတ်မှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ဒေသတွင်းနိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်ဘက်စုံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan–MSDP)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများတွင် မူပိုင်ခွင့်က အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသည့်အတွက် ကဏ္ဍအားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်းတည်ထောင်ခြင်း အပါအဝင် ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးခြင်းက များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း။

## အကာအကွယ်ရယူနိုင်မည်

ဆန်းသစ်တီထွင်မှုများသည် လူသားအားလုံးအတွက် အစဉ်အမြဲလိုအပ်နေသည့် အရာဖြစ်ကြောင်း၊ ရှေးဦးတီထွင်ဆန်းသစ်သူများကြောင့်လည်း ယနေ့ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ ရရှိခံစားနေကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးမည့် ဂေဟစနစ်တစ်ရပ်ကိုလည်း ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရှင်များ အသုံးပြုလျက်ရှိကြသည့် အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့် ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာလက်ရာများသည် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ဖြင့် အကာအကွယ်ရယူနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များနှင့်သုတေသနဌာနများကတီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင် မူပိုင်ခွင့်အသုံးချမှုမြှင့်တင်နိုင်ရေးကိုလည်း တွန်းအားပေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ကစပြီး ကျင်းပပြုလုပ်မည့် နိုင်ငံတကာမူပိုင်ခွင့် ညီလာခံ- ၂၀၂၅ တွင် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအစုံက ဆောင်ရွက်နေမှုများ၊ နည်းပညာတိုးတက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်အကာအကွယ်ယူခြင်းကဏ္ဍ၊ ဒစ်ဂျစ်တယ်မီဒီယာနှင့် မူပိုင်ခွင့်၊ ဒေသထွက်ကုန်နှင့် ရိုးရာအသိပညာများကို မူပိုင်ခွင့်နှင့်အကာအကွယ်ပေးခြင်း စသည့် ကဏ္ဍများကို ဆွေးနွေးသိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၊ ပြည်ပက ပညာရှင်များ၏ သုတေသနစာတမ်းများမှတစ်ဆင့် မူပိုင်ခွင့်၏ အရေးပါပုံနှင့် မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေမည်လည်းဖြစ်ကြောင်း။

ထို့ပြင် စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် အနာဂတ်လူငယ်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်တွင် အောင်မြင်သည့်နည်းလမ်းများ၊ အကောင်းဆုံး အလေ့အကျင့်များနှင့် သင်ခန်းစာများကို လေ့လာဆည်းပူး အသုံးပြုနိုင်ကြမည်လည်းဖြစ်ကြောင်း၊ ညီလာခံကို တက်ရောက်လာကြသူများအနေဖြင့်လည်း ပညာရှင်များ ဖတ်ကြားမည့် မူပိုင်ခွင့်ဆိုင်ရာ သုတေသနစာတမ်းများမှ ဗဟုသုတများနှင့် တွေ့ရှိချက်များကို လေ့လာသုံးသပ်ပြီး မူပိုင်ခွင့်ဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် မူပိုင်ခွင့်ဆိုင်ရာအသိအမြင်များ ပိုမိုတိုးတက်မြင့်မားလာပြီး ရရှိသည့် အသိပညာများကို လက်ဆင့်ကမ်း မျှဝေအကျိုးပြုနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံမှတစ်ဆင့် ရရှိလာမည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သည့်မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားတစ်ရပ်အဖြစ် အသုံးချသွားကြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက် တာဝန်ခံ ဝန်ကြီးဌာနနှင့် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) Documenteary ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025)အား ဇူလိုင် ၄ ရက်အထိကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရှင်များ အသုံးပြုလျက်ရှိကြသည့် အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့် ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာလက်ရာများသည် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ်ဖြင့် အကာအကွယ်ရယူနိုင်မည်

❖ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံမှတစ်ဆင့် ရရှိလာမည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားတစ်ရပ်အဖြစ် အသုံးချသွားကြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက် တာဝန်ခံ ဝန်ကြီးဌာနနှင့် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်

## ကျေးလက်နဲ့ မြို့ပြမှာရှိတဲ့ အမျိုးသမီးများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပြန်လည်လုပ်ကိုင်နိုင်ပြီး စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းပံ့ပိုးဆောင်ရွက်

# မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

အားလုံးမင်္ဂလာပါ

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၅ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ နိုင်ငံတစ်ဝန်းလုံးမှာနေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ နိုင်ငံရဲ့အရေးပါတဲ့ အခန်းကဏ္ဍအသီးသီးမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုတဲ့နေ့လည်းဖြစ်သလို အလွှာပေါင်းစုံက အမျိုးသမီးများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးဖို့ ကျင်းပပြုလုပ်တာဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို ဂုဏ်ပြုတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာအမျိုးသမီးများဟာ သနားကြင်နာတတ်သူတွေ၊ ကြံ့ကြံ့ခံနိုင်တဲ့သူတွေ၊ စွမ်းဆောင်ရည်ရှိသူတွေဖြစ်ကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနဲ့ အနုပညာစတဲ့ နယ်ပယ်အသီးသီးမှာသာမက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးတွေဟာ ကဏ္ဍအသီးသီးရဲ့ ဆုံးဖြတ်ချက် ချမှတ်နိုင်တဲ့ အဆင့်တွေမှာတောင် ပါဝင်ဆောင်ရွက်နေကြပြီဆိုတာ သိသာထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ နိုင်ငံတော်တာဝန်များကို မလွှဲမရှောင်သာပဲ တာဝန်ယူရတဲ့အချိန်မှာ နိုင်ငံနဲ့မိမိရဲ့တာဝန်ကို ချစ်မြတ်နိုးတန်ဖိုးထားတဲ့ အမျိုးသမီးများအနက် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊အုပ်ချုပ်ရေး စတဲ့နယ်ပယ်အသီးသီးမှာ သက်စွန့်တာဝန်ထမ်းဆောင်သူများလည်း ရှိခဲ့ကြပါတယ်။ အလားတူပဲ ဘာသာ သာသနာ၊ စာပေ၊ အနုသုခုမနယ်ပယ်များမှာလည်း ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ထူးခြားလေးနက်စွာဆောင်ရွက်ခဲ့ကြတဲ့ ၎င်းတို့ကို ဘွဲ့တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

မတ်လ(၈)ရက်နေ့က ကျရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့" ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာ ကျင်းပခဲ့ပါတယ်။ ဒီနှစ်ကတော့ ဘေဂျင်းကြေညာစာတမ်းနဲ့ လုပ်ငန်းစီမံချက်နှစ်(၃၀)ပြည့်နှစ်ဖြစ်တာနဲ့အညီ ဘက်စုံ၊ ကဏ္ဍစုံက အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးဖို့နဲ့ အခွင့်



အလမ်းတွေ ပိုမိုလက်လှမ်းမီရရှိစေဖို့ ဆောင်ရွက်ပေးရန် အသိပေးနှိုးဆော်ထားပါတယ်။

ဒီလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းရဲ့ လုပ်ငန်းနယ်ပယ်(၁၂)ရပ်နဲ့ ချိတ်ဆက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျားမတန်းတူညီမျှ အခွင့်အရေးများရရှိစေဖို့အတွက် နိုင်ငံတကာ ကတိကဝတ်များမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂကအတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်း လုပ်ငန်းများဖြစ်တဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး၊ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ကျားမရေးရာထည့်သွင်းစဉ်းစားခြင်း မဟာဗျူဟာမူဘောင်၊ အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုနဲ့ခေါင်းဆောင်မှုစတဲ့ လုပ်ငန်းစီမံချက်တွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။ အလားတူ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကျားမရေးရာမဟာဗျူဟာ အကောင်အထည်ဖော်ရေးစီမံကိန်းတွေမှာလည်း ပါဝင်ပြီး အမျိုးသမီးများရဲ့ အခွင့်အရေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသမီးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာမှာ အမျိုးသမီးများရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ရှိမှုဟာ အရေးပါသလို ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာလည်း အမျိုးသမီးများပိုမိုပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာစာရင်းအင်းစာစောင် (၂၀၂၄) အရ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အချက်အလက်စာရင်းဇယားတွေမှာ ၂၀၂၄ ခုနှစ်၊ မတ်လကုန်အထိ နိုင်ငံ့ဝန်ထမ်းများရဲ့ ၆၀ ဒသမ ၁၄ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အမျိုးသမီးအချိုးအစားမှာလည်း ဒုတိယညွှန်ကြားရေးမှူးနဲ့အထက် ဝန်ထမ်းဦးရေမှာ အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ ၅၃ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်တာကို တွေ့ရှိရပါတယ်။

မြန်မာစာရင်းအင်း စာစောင်(၂၀၂၄)အရ ကျန်းမာရေးကဏ္ဍမှာ မွေးဖွားမှုနဲ့ သေဆုံးမှုစာရင်းအင်းများအရ မျှော်မှန်းသက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ အမျိုးသားများဟာ ၆၃ နှစ်ခန့်ရှိပြီး အမျိုးသမီးများဟာ ၇၂ နှစ်ခန့်ရှိတဲ့အတွက် အမျိုးသမီးများက အမျိုးသားများထက် အသက်ပိုရှည်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းနဲ့ စုစုပေါင်း မွေးဖွားမှုနှုန်းတို့မှာ နှစ်အလိုက်ကျဆင်းလာတဲ့အတွက် အမျိုးသမီးများအနေနဲ့ ကျန်းမာရေးဗဟုသုတနဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ပိုမိုကောင်းမွန်လာကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

တိုင်းပြည်တိုးတက်ခြင်းရဲ့အခြေခံဟာ ပညာတတ်များ ပေါကြွယ်ဝခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အသိပညာ၊ အတတ်ပညာနဲ့ပြည့်စုံတဲ့ လူသားအရင်းအမြစ်ကောင်းတွေ များပြားတိုးတက်လာစေဖို့အတွက် မဖြစ်မနေလိုအပ်တဲ့အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးနဲ့ ဗလငါးတန်ပြည့်စုံရေးကို အစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အနာဂတ်ရဲ့မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်တဲ့ လူငယ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့အတွက် ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင်လည်းပဲ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ UN Women တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အာဆီယံဒေသတွင်း ကျားမရေးရာ လေ့လာတွေ့ရှိချက်အစီရင်ခံစာ(၂၀၂၄)အရ အာဆီယံနိုင်ငံများအတွင်း အမျိုးသမီးများ နိုင်ငံရေးမှာပါဝင်မှု ၂၂ ရာခိုင်နှုန်း၊ ရင်းနှီးကျွမ်းဝင်သူ လက်တွဲဖော်ရဲ့ အကြမ်းဖက်ခံရမှုမှာ နှစ်စဉ် ၉ ရာခိုင်နှုန်း၊ လုပ်ခလစာမရရှိတဲ့ ပြုစုစောင့်ရှောက်မှုနဲ့ အိမ်မှုကိစ္စများမှာ အမျိုးသမီးများရဲ့အချိန်ကုန်ဆုံးမှုမှာ အမျိုးသားများထက် အချိန် ၂ ဆကျော်ရှိကြောင်း တွေ့ရပါတယ်။ နည်းပညာလက်လှမ်းမီမှုနဲ့ပတ်သက်ပြီး မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာ အမျိုးသား ၆၉ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး ၆၃ ရာခိုင်နှုန်းသာရှိကြောင်းနဲ့ မြေယာပိုင်ဆိုင်မှုမှာ ကျား မ ရေးရာကွာဟမှုရှိကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆယ်ကျော်သက်အရွယ် ကလေးမွေးဖွားမှုနှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများအကြား အနည်းဆုံးဖြစ်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်မှုရှိတာကိုလည်း တွေ့ရှိရပါတယ်။

လေ့လာမှုစစ်တမ်းတွေအရ နယ်ပယ်အသီးသီးက အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ (၁၂) ရပ်တို့မှာပါဝင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ အဖွဲ့အစည်းများအားလုံးက ပိုမိုကြိုးပမ်းဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဒါ့အပြင် သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာလည်း ကျား မ ရေးရာ အလေးထားတဲ့ လုပ်ငန်းစီမံချက်များ ဆောင်ရွက်ပေးနိုင်ဖို့၊ ကျေးလက်နဲ့မြို့ပြမှာရှိတဲ့ အမျိုးသမီးများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပြန်လည်လုပ်ကိုင်နိုင်ပြီး စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်ရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံးက အမျိုးသားအားလုံးနဲ့အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်နိုင်ငံတော်အတွက် အမျိုးသမီးများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာနဲ့ ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Massage ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၃

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်၊ အခွန်အယူခံခုံရုံးအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက်ထူးချွန်ဆုရရှိသော အမျိုးသမီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Massage ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများ အပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip ကို ပြသသည်။

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်လပြည့်ဝင်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီး ကြက်ခြေနီဆုရရှိသူ ဒေါ်လင်းလင်းထိုက်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးကြစဉ်။

✰ စာမျက်နှာ ၆ မှ

ဆက်လက်၍ ၂၀၂၄ခုနှစ်အတွင်း ကဏ္ဍအလိုက်ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးပြအကောင်းဆုံးဆုရရှိသူ ဒုတိယဗိုလ်ဒေါ်နန္ဒာကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်လပြည့်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီး ဒေါ်ရွှေဝတ်ရည်တို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငွေးက ထူးချွန်အမျိုးသမီး ရဲမေဆုရရှိသူ ရဲဒုတိယတပ်ကြပ် လက်ချ်မီးနှင့် ထူးချွန်အမျိုးသမီး ကြက်ခြေနီဆုရရှိသူ ဒေါ်လင်းလင်းထိုက်တို့အားလည်းကောင်း၊ ဂုဏ်ထူးဆောင် နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၄ ခုနှစ် မသန်စွမ်းအမျိုးသမီး ပြေးခုန်ပစ် အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးနှင့် ၂၀၂၄ ခုနှစ် အမျိုးသမီး ပီတန်းအားကစားထူးချွန်ဆုရရှိသူ မခင်ချယ်ရီသက်တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူ ဒေါ်မြမြသန်း(ကိုယ်စား) ဒေါ်ချိုချိုမော်နှင့် ဒေါ်ခင်ဝတ်ရည်တို့အား လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ဇနီးက ထူးချွန်အမျိုးသမီးဆုရရှိသူ ဒေါက်တာသင်းမျိုးမျိုးအောင်နှင့် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိသူ ဒေါ်ကြွေကြွေဇင်တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၄ ခုနှစ် အမျိုးသမီး ပီတန်းအားကစားထူးချွန်ဆုရရှိသူ မခင်ချယ်ရီသက်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ထူးချွန်ဆုရရှိသူ အမျိုးသမီးတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/ ၂၀၂၅)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၃

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးက "ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍ စည်းကမ်းတကျ စုဆောင်းမှုကို အလေးထားရန်" လမ်းညွှန်ထားမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ အသက်သတ်မှတ်ချက်နှင့်ကိုက်ညီ အကျုံးဝင်သူများအနေဖြင့် သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း၊ ၎င်းတို့အထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်သုံးခု တက်ရောက်လေ့ကျင့်လျက်ရှိပါကြောင်း၊

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်ကြသည့် တာဝန်ရှိသူအဆင့်ဆင့်ကသိရှိနားလည်ပြီး လိုက်နာလုပ်ဆောင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်ကိုထိခိုက်စေမည့် မမှန်မကန်တိုင်ကြားမှုများ၊ လုပ်ကြံဝါဒဖြန့်ခြင်းများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးမသမာမှုမရှိစေရေး၊ အဂတိမဖြစ်ပေါ်စေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန်လိုပါကြောင်း၊

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးကြရန်လိုပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယားမှန်ကန်ရန်နှင့် ရေရှည်တွင်မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ IT နည်းပညာနှင့် အချက်အလက်မှတ်တမ်းတင်ခြင်း အထောက်အကူပြုအလုပ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System-NSIMS) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်/လျှော့ပေါ့/ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ ဗဟိုအဖွဲ့အနေဖြင့် အလေးထား၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထိုသို့ခွင့်ပြုခဲ့သူများက ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စနစ်တကျ မှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့် ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ပုံမှန်ဖွင့်လှစ်သွားနိုင်ပါက နိုင်ငံအတွက်၊ နိုင်ငံကာကွယ်ရေးအတွက်၊ နိုင်ငံတော်နှင့်ပတ်သက်သည့် ကာကွယ်ရေးစွမ်းအားများနှင့် လုံခြုံရေးဆိုင်ရာများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ ဆင့်ခေါ်ရာတွင် ဆင့်ခေါ်ရေးအဖွဲ့က ဆင့်ခေါ်ပြီး ဝင်ရောက်လာကြသူများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များကလည်း သေချာစိစစ်ကြပ်မတ် လက်ခံဆောင်ရွက်သွားရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များကလည်း ဆင့်ခေါ်ရေးနှင့် ပတ်သက်၍ စိစစ်ကြပ်မတ်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများဖြစ်သည့် ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေမုဋ္ဌောစေတီနှင့် လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်တို့ရှိ သာသနိကအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှု၊ မဟာယဂံဏစေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် စစ်ကိုင်းမြို့အတွင်း နေအိမ်အဆောက်အအုံ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေမုဋ္ဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာ အရှေ့ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် Sky Villa နေရာရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် "A" ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားနေမှု၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံးတွင် Sky Villa မှ ရှာဖွေတွေ့ရှိသော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရီ အား လက်ခံတွေ့ဆုံစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဒူစစ် မေနဖန် တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရီနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဒူစစ် မေနဖန် တို့ကို သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရီကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဒူစစ် မေနဖန် ကိုညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ တစ်လျှောက် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များကို တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းမြှင့်တင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ငလျင်ဒဏ်ကယ်ဆယ်ရေး လုပ်ငန်းများအပြီး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်သွားရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

ကလေးသူငယ်များကို အကာအကွယ်ပေးရန်နှင့် ကောင်းကျိုးချမ်းသာရရှိစေရေး ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်သည့် ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး အမျိုးသားအဆင့်ကော်မတီကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက်အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုင်ကြားမှုဖြစ်စဉ် ၉၈ ခုကို ဆောင်ရွက်ပေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများနှင့် သက်ဆိုင်ခြင်းမရှိသည့် ဖြစ်စဉ်များသာ တွေ့ရှိသည်။

ထို့အပြင် တပ်မတော်သားများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား ကလေးသူငယ်များ အကာအကွယ်ပေးရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု ၆ ရပ်နှင့်ဆက်စပ်သည့် သင်ခန်းစာများကို ပို့ချပေးလျက်ရှိသည်။

အထက်ဖော်ပြပါ အချက်များသည် မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ရာတွင် ကုလသမဂ္ဂ၏ ယခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စွပ်စွဲချက်များသည် စနစ်တကျစိစစ်ထားခြင်းမရှိသည့် ကိန်းဂဏန်းအချက်အလက်များ လွဲမှားစွာဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံက တရားဝင်ပေးပို့ထားသည့် သက်သေအထောက်အထား အချက်အလက်အမှန်များနှင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုထားခြင်းမျိုးလည်းမရှိကြောင်း တွေ့ရှိရသည်။

ဥပမာပြရမည်ဆိုရပါက မြန်မာ့တပ်မတော်သည် အသက်မပြည့်သေးသူ ကလေးသူငယ် ၄၈၂ ဦးကို စစ်သည်အဖြစ် စုဆောင်းအသုံးပြုခဲ့ကြောင်း စွပ်စွဲထားသော်လည်း ၂၀၂၄ ခုနှစ်အတွင်း ကုလသမဂ္ဂက မြန်မာနိုင်ငံအစိုးရဘက်သို့ ပေးပို့လာသည့် အမှုတွဲမှာ ၈ မှုသာဖြစ်၍ အစီရင်ခံစာပါ စွပ်စွဲထားသည့် ကိန်းဂဏန်းများသည် လုံးဝလွဲမှားစွာ ဖော်ပြနေခြင်းဖြစ်သည်မှာ ထင်ရှားနေပါသည်။ ထို့အပြင် ၂၀၂၁-၂၀၂၄ ကာလအတွင်း NUG နှင့် ယင်းလက်ဝေခံ PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၃၁၈ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၈,၅၈၈ ဦး သေဆုံးခဲ့ပြီး ကလေးသူငယ် ၁,၂၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ သို့သော် အစီရင်ခံစာတွင် ဤအချက်များကို လုံးဝဖော်ပြထားခြင်းမရှိဘဲ တပ်မတော်အပေါ် စွပ်စွဲချက်များကိုသာ အလေးပေးဖော်ပြထားသည်။

ကုလသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် မျှတမှုမရှိသော အစီရင်ခံစာများကို ထုတ်ပြန်ကာ အကြမ်းဖက်အဖွဲ့များ၏ရာဇဝတ်မှုများကို "အမည်မသိ ကျူးလွန်သူများ"ဟု ရှင်းလင်းပြတ်သားမှုမရှိဘဲ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသည့် ဘက်လိုက်သော အစီရင်ခံစာများ ပြုစုခြင်းနှင့် နိုင်ငံရေးအရ ဖိအားပေးမှုများ ပြုလုပ်နေခြင်းသည် အဖွဲ့ဝင်နိုင်ငံကို ကူညီရာမရောက်ဘဲ ကုလသမဂ္ဂ၏ သမာသမတ်ကျမှုနှင့် အချက်အလက်စုဆောင်းသည့်ပုံစံ(methodology) အပေါ် မေးခွန်းထုတ်စရာဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက အစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် မြေပြင်အခြေအနေမှန်များကို ထင်ဟပ်မှုမရှိသည့် မှားယွင်းသော ကိန်းဂဏန်းအရေအတွက် ဖော်ပြချက်ကို ကန့်ကွက်ပယ်ချသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ လုံခြုံရေးနှင့် အခွင့်အရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သော အစီရင်ခံစာများကို ထုတ်ပြန်ရန် ပြင်းထန်စွာ တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

## ကူမင်း-မန္တလေး လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်

**မန္တလေး ဇူလိုင် ၃**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မြို့တော် ကူမင်းနှင့် မြန်မာနိုင်ငံ မန္တလေးတို့ကြား လေကြောင်းခရီးစဉ်များကို မတ်လက အင်အားပြင်း ငလျင်လှုပ်ခတ်ပြီးနောက် ဆိုင်းငံ့ထားရာမှ ယခုအခါ အဓိက လမ်းကြောင်းကို ပြန်လည်ပျံသန်းပြေးဆွဲခဲ့ကြောင်း China Eastern Airlines ၏ ယူနန်ဌာနခွဲမှ သိရသည်။

ကူမင်း-မန္တလေး လမ်းကြောင်းသည် ခရီးစဉ်အမှတ် အမ်ယူ ၂၀၂၉ နှင့် အမ်ယူ၂၀၃၀ တို့ဖြင့် ဘိုရင်း ၇၃၇ လေယာဉ်ကို အသုံးပြု၍ ပျံသန်းပြေးဆွဲခြင်းဖြစ်သည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် တစ်ပတ်လျှင် အသွားအပြန် လေးကြိမ်ဖြင့် အသွားအပြန်ခရီးစဉ်များအား မဆိုင်းငံ့ထားမီက အချိန်ဇယားအတိုင်း မပြောင်းလဲသေးကြောင်း လေကြောင်းလိုင်းက ပြောသည်။

လေကြောင်းခရီးစဉ်များကို ပြန်လည်စတင်ခြင်းသည် နှစ်နိုင်ငံကုန်သွယ်မှု၊ ယဉ်ကျေးမှုနှင့် ပြည်သူများအကြား အပြန်အလှန်လည်ပတ်မှုများအပြင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား သဘာဝဘေးဒဏ်ခံရပြီးနောက် ပြန်လည်တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို လွယ်ကူချောမွေ့စေကာ ယူနန်၏ အရှေ့တောင်အာရှနှင့် ချိတ်ဆက်မှုကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဖြ)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ



# အမည်မည်းစာရင်း ကြေညာခြင်း

(ယမန်နေ့မှအဆက်)

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး
ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| | | | | |
|---|---|---|---|---|
| ၁၂၃ | PALM SUPPLY INTERNATIONAL COMPANY LIMITED. | U Pyae Sone Aung | Padonemar Street, No(1) Quarter, HPA-AN Township, Kayin State | 3/BAABNA(N)322679 |
| | | U Khine Oo | | 3/MAWATA(N)023055 |
| | | U Aung Ko Lwin | | 3/BAAHNA(N)267827 |
| | | U Min Min Oo | | 3/BAAHNA(N)202988 |
| | | U Nyi Nyi Tun | | 3/BAAHNA(N)354122 |
| ၁၂၄ | PATAMYAR GONEYAY COMPANY LIMITED. | U Han Maung | Merchant Street, No (504-506), (3-A), 7th Ward, Kyauktadar Township, Yangon | 11/MATANA(N)008474 |
| | | U Kyaw Thein Oo | | 11/SATANA(N)059238 |
| | | U Zar Ni Aung | | 11/SATANA(N)078099 |
| ၁၂၅ | PENG SHENG EXPORT & IMPORT YOU XIAN COMPANY LIMITED.(Royal Gold Wod Co.,Ltd) | Daw Sandar Lin | Myawaddy Mingyi(2) Street, No.765/ Shwe Paukkan 16 Quarter, North Oakkalapa Township, Yangon | 14/LAPATA(N)113341 |
| | | Daw Ye Ye Cho | | 14/AHGAPA(N)000991 |
| ၁၂၆ | PENG SHENG WOOD CHINA COMPANY LIMITED. | Mr. QIN, CHANGCHUN | Nawarat Street, No. (129), Thardukan Industrial Zone, Shwe Pyi Thar Township, Yangon | E31033223 |
| | | Mr.MENG, JIANYU | | E24877967 |
| ၁၂၇ | PHONE NAY HTUT KHAUNG COMPANY LIMITED. | U Phyo Min Shein | No.93, 30 Street, Between (65x66) Street, Pyi Gyi Myat Shin Ward, Chan Aye Thar Zan Township, Mandalay | 12/YAKANA(N)067261 |
| | | U Tin Htut | | 12/PABATA(N)024006 |
| ၁၂၈ | PHYU HNIN AUNG COMPANY LIMITED. | U Ally Hoke | Flat No(161/BB), Kyaik Ka San RD, 1st Floor, Nat Maut/ Tamwe Township, Yangon | 12/MAGATA(N)016026 |
| | | U Min Khant Aung | | 12/TAMANA(N)126358 |
| | | Daw Phyu Hnin Aung | | 12/TAMANA(N)124031 |
| | | Daw Phyu Hnin Khine | | 12/TAMANA(N)117692 |
| | | Daw Phyu Wai Lwin | | 12/TAMANA(N)114406 |
| | | Daw Yi Yi Khine | | 10/MALAMA(N)151615 |
| ၁၂၉ | PIXIO MYANMAR COMPANY LIMITED. | Mr. Wong Tooe Hawk | No.81, Yadanar Road, (8) Quarter, South Oakkalapa Township, Yangon | E3103783J |
| | | Mr. Tham Khai Wor | | E2932162L |
| | | Ms.Wee Swee Neo Doris | | E3302156K |
| ၁၃၀ | PK EX MYANMAR COMPANY LIMITED | U Aung Htet Htet Kyaw | Myaynigone Zay Street, No.51 Sanchaung Township, Yangon | 12/DAGATA(N)082869 |
| | | Daw May Phyu Khin | | 14/HATHATA(N)323248 |
| ၁၃၁ | PRECIOUS MYAWADDY LOGISTICS AND SUPPLY CHAIN LIMITED. | Daw Su Mon Htwe | Bogyoke Street, No.(E/2), No.(1) Quarter, Myawaddy City, Kayin State | 12/OUKATA(N)189299 |
| ၁၃၂ | PRO MYANMAR TRADING CO.,LTD. | Daw Nyein Pyae Sone Soe | Pathein Nyunt 7th Street, No.13, Room (4-A) Mingalar Taung Nyunt Township, Yangon | 10/MALAMA(N)192223 |
| | | U Thet Tun | | 12/OUKAMA(N)007867 |
| ၁၃၃ | PUCE MOE COMPANY LIMITED. | Daw Ei Phyo Oo | U Wisara Street, No. (828/A-2) (34) Quarter, North Dagon Township, Yangon | 7/KAWANA(N)166845 |
| | | U Soe Htet Win | | 12/DALANA(N)053187 |
| ၁၃၄ | PWINT NADI SOE COMPANY LIMITED. | Daw San Pwint Thu | Mya Yadanar Street,, No.(152), Toeche Yadanar Tun Pweyonetan Quarter, Mawlamyaing Township, Mon State | 12/YAPATHA(N)053066 |
| | | U Aung Thwin | | 12/YAPATHA(N)032622 |
| | | U Nyan Soe | | 10/MALAMA(N)050011 |
| ၁၃၅ | PWINT SEESAR COMPANY LIMITED. | Daw Nang Kyi Kyi Lwin | (23) Street,, No.(Kagyi/127) Padamyar Industrial Zone, Sagaing Township, Sagaing | 13/MAHSATA(N)029849 |
| | | U Si Thu | | 5/SAKANA(N)002596 |
| | | U Si Thu Tun | | 5/SAKANA(N)190502 |
| ၁၃၆ | R R R NON WOVEN MANUFACTURE COMPANY LIMITED. | LI FUYUN | No.68, U Myel Street, Hlaing Thar Yar Industry Zone4, Yangon | G43949333 |
| ၁၃၇ | RAX MYANMAR COMPANY LIMITED | U Ismile Islam | 92 Street, 66/68/70 6D Mingalar Taung Nyunt TownShip, Yangon | 12/DAGATA(N)118187 |
| ၁၃၈ | REGAL LIGHT COMPANY LIMITED. | Daw Aye Aye Maw | Bayint Naung Street, No.(C/14), 3rd Floor (1) Quarter, Myawaddy Town ship, Kayin State | 12/HTATAPA(N)073306 |
| | | U Kyaw Zin Htike | | 7/PAKHANA(N)252976 |
| | | Daw Nan Mae Thwe Sein | | 3/BAAHNA(N)229223 |
| | | U Thaung Tun | | 7/DAOUNA(N)076300 |
| | | U Zaw Win Tun | | 10/KHAHSANA(N)074978 |
| ၁၃၉ | RIMO COMPANY LIMITED. | U Hlaing Win Htut | Aungmingalar Street, 2830 South Dagon, Yangon | 12/OUKAMA(N)160786 |
| | | Daw Khin Aye Mu | | 12/OUKAMA(N)118023 |
| | | Daw Moh Moh Myint Aung | | 12/OUKAMA(N)178604 |
| ၁၄၀ | ROYAL CROWN SUPPLY CHAIN COMPANY LIMITED. | Daw Hsu Mon Htwe | Yadanarbow University Street, No.(30), Htain Kone Quarter, Pyigyithkhon Township, Mandalay | 12/OUKATA(N)189299 |
| ၁၄၁ | RUBY TIGER TIMBER LIMITED. | U Soe Myint @ Zaw Win | Kyun Shwe War Street, No.38, Shwe Nantthar Ywarma Ward, Pearl Myothit, Mingalardon Township, Yangon | 12/THAKATA(N)092548 |
| | | U Than Htut | | 12/OUKAMA(N)124223 |
| ၁၄၂ | SAUNG HNIN CHERRY COMPANY LIMITED. | Daw Ei Shwe Zin | Corner Of Seik Kan Thar Street & U Chain Street, No.247/D, Industry Zone (2), Hlaing Thar Yar Township, Yangon | 9/AHMAZA(N)036821 |
| | | U Aung Naing Oo | | 9/MANATA(N)078912 |
| | | U Aung Than | | 9/MANATA(N)083566 |
| ၁၄၃ | SEA BROTHERS COMPANY LIMITED. | U Thein Soe @ Thein Soe Hla | No.(209), 6th Floor(Left), 37-Street, 5-Ward, Kyauktatar Township, Yangon | 12/PABATA(N)013700 |
| | | Daw Wai Wai Htay | | 13/TAKANA(N)142480 |
| ၁၄၄ | SEAIR LOGISTICS (MYANMAR) COMPANY LIMITED. | Daw Khin Htwe Kyi | Inya Myaing Road, No. 24-A Golden Valley (1) Ward, Bahan Township, Yangon | 12/LATHANA(N)004807 |
| | | U Yu Naing | | 8/THAYANA(N)004215 |

ဆက်လက်ဖော်ပြပါမည်။




## ချဲလ်ဆီးအသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဟု ဂျာအိုပတ်ဒရို ပြောကြား

**လန်ဒန် ဇူလိုင် ၃**

ချဲလ်ဆီးအသင်း တိုက်စစ်မှူးသစ် ဂျာအိုပတ်ဒရိုက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ၂၀၃၃ ခုနှစ်အထိ စာချုပ်ချုပ်ဆို၍ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျာအိုပတ်ဒရိုသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀ကစားပြီး ဂိုး ၃၀ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂျာအိုပတ်ဒရိုက "ကျွန်တော် ချဲလ်ဆီးအသင်းကို ပြောင်းရွှေ့လာရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ဘေနာနှင့် ရက်ဂီရီ တို့အား အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ




**မက်ဒရစ် ဇူလိုင် ၃**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်း ကွင်းလယ်ကစားသမား ဘေနာအား ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းနှင့် အတ္တလန်တာအသင်း နောက်ခံကစားသမား ရက်ဂီရီတို့အား ယူရို ၁၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကစားသမားနှစ်ဦးသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၃၀ပြည့်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဘေနာသည် ဗလင်စီယာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို ရက်ဂီရီသည်လည်း အတ္တလန်တာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၈ ပွဲ ကစားပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "ဘေနာနှင့် ရက်ဂီရီတို့က ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း နောက်ထပ်ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## ကွမ်ဆာ လေဗာကူဆင်အသင်းတွင် ကျောနံပါတ် (၄)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**မြူးနစ် ဇူလိုင် ၃**

နောက်ခံကစားသမားသစ် ကွမ်ဆာ လေဗာကူဆင်အသင်းတွင် ကျောနံပါတ်(၄) ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် လီဗာပူးအသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ကွမ်ဆာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား နှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**



## လာကာဇက်တီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် နီယွန်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၃**

ဆော်ဒီပရိုလိဂ်တန်းတက်ကလပ် နီယွန်အသင်းသည် ဝါရင့်တိုက်စစ်မှူး လာကာဇက်တီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နီယွန်အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး လာကာဇက်တီသည် ကစားသမားဘဝတွင် လိုင်ယွန်၊ အာဆင်နယ်စသည့် အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် နီယွန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နီယွန်အသင်းထုတ်ပြန်ချက်တွင် "လာကာဇက်တီအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**
**(NGB)**



## တီတီ ဖူလ်ဟမ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၃**

ဖူလ်ဟမ်အသင်းသည် အသင်း နောက်ခံကစားသမား တီတီအား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမား တီတီက "ကျွန်တော် အသင်းနဲ့သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်အောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**



## 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၁၄ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၃**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၁၄ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၄ရက်မှ ၂၁ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်သည်။

2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ရရှိသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* လီဗာပူးအသင်းနှင့် ပေါ်တူဂီလက်ရွေးစင်အသင်း တိုက်စစ်မှူး ဂျိုတာသည် စပိန်နိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် သေဆုံးသွားခဲ့ပြီဖြစ်သည်။

* နောက်ခံကစားသမား ဘရန့်ဝိတ်သည် အဲဗာတန်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

**(NGB)**

## ပြင်သစ်လီဂူးကလပ် လိုင်လီအသင်းသို့ ဂျီရူး ပြောင်းရွှေ့

**ပါရီ ဇူလိုင် ၃**

ဝါရင့် တိုက်စစ်မှူး ဂျီရူးသည် လော့အိန်ဂျယ်လိဂ်အသင်းနှင့် လမ်းခွဲပြီးနောက် လိုင်လီအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လိုင်လီအသင်းနှင့်အတူ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် (၉)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး ဂျီရူးသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ အေစီမီလန်၊ ချဲလ်ဆီး၊ မောင့်ပယ်လီယာ၊ လော့အိန်ဂျယ်လိဂ် စသည့်ကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လိုင်လီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် (၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျီရူးအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် လိုင်လီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်ဦးမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**(NGB)**



### ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၇-၂၀၂၅ စနေနေ့ | နံနက် ၀၁း၃၀ နာရီ | ဖလူမီနို(ဘရာဇီး) - အယ်လ်ဟီလာ(ဆော်ဒီအာရေဗျ) |
| ။ | နံနက် ၀၇း၃၀ နာရီ | ပါးလ်မီးရက်စ်(ဘရာဇီး) - ချဲလ်ဆီး(အင်္ဂလန်) |

# မန္တလေးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၃**

ဇူလိုင်လ ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ Y Mandalay Hotel မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မမ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးကဏ္ဍကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဂုဏ်ပြုအဖွင့်တေးသီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်စတင်ပြီး ဇူလိုင် ၃ ရက်ရောက်တိုင်း မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပ အသိအမှတ်ပြုပြီး အခွင့်အရေးအားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ လက်လှမ်းမီရရှိစေရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုများကို စွမ်းပကားများ တိုးမြှင့်စေရန်



**စာမျက်နှာ ၁၃ သို့**





























● **စာမျက်နှာ ၁၂ မှ**

ရှက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက လူမှုရေး၊ ပညာရေးနှင့် အားကစားကဏ္ဍ အသီးသီးတို့တွင် တိုင်းဒေသကြီးအတွင်းမှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများလည်းကောင်း၊ လူမှုရေးဆောင်ရွက်ချက် အကောင်းဆုံးဆုရရှိသူလေးဦးအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြသသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Video Clip၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ ဇရိပ်မွန်အမျိုးသမီးစောင့်ရှောက်မှုကျောင်းတို့မှ အမျိုးသမီးငယ်လေးများ၏ ဂုဏ်ပြုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေခဲ့ကြသည့် အဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြကြောင်း၊ ပြသထားသည့် သင်တန်းကျောင်းများမှ ကျောင်းသူများ၏ လက်မှုပစ္စည်းများနှင့်အသင်းအဖွဲ့များ၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မန္တလေး ဇူလိုင် ၃**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတက္ကသိုလ် ရာပြည့်သဘင် ကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရာပြည့်သဘင် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား ရည်ရွယ်ချက်၊ ဦးတည်ချက် အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍအလိုက် စုပေါင်းညီညွတ်မှုအားဖြင့် ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှု စွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရွှေ့နှစ် ၁၀၀ မျှော်မှန်းချက် ချမှတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား လုပ်ငန်းခွင်အရောက် အခမဲ့ဆေးကုသမှုဆောင်ရွက်ပေး



**မန္တလေး ဇူလိုင် ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား လုပ်ငန်းခွင်အရောက် အခမဲ့ဆေးကုသမှုပေးခြင်းကို ယနေ့နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီထိ ဖထပ်ဆောင် အောက်ထပ်တွင် ကုသပေးခဲ့သည်၊

အဆိုပါ ကုသပေးမှုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်သောအဖွဲ့က ရွှေလျားဆေးကုသယာဉ်ဖြင့် ဓာတ်မှန်ကျွမ်းကျင်ပညာရှင်၊ ဆေးဝါးကျွမ်းကျင်ပညာရှင် ပါဝင်သော အဖွဲ့ဝင်များဖြင့် လုပ်ငန်းခွင်အရောက် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကုသပေးရာတွင် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အရာထမ်း၊ အမှုထမ်း ၃၀၀ ဦးကို ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ခြင်း၊ ပေါင်ချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ECG စစ်ဆေးပေးခြင်းများနှင့် ရောဂါအမျိုးအစားအလိုက် လိုအပ်သော ဆေးဝါးများ ပေးခြင်းကို ပြုလုပ်ပေးခဲ့သည်။

လူမှုဖူလုံရေး ဆေးကုသပေးခြင်းကို ပြီးခဲ့သော မတ် ၁၀ ရက်က တစ်ကြိမ်ကုသပေးခဲ့ပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ဝန်ထမ်းများကို ဒုတိယအကြိမ် ထပ်မံလာရောက်ကုသမှုပေးခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေး ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ဇူလိုင် ၃ ရက်ထိ နောက်ဆက်တွဲ ငလျင်ငယ်လှုပ်ခတ်မှုအကြိမ်ရေ (၁၉၈)ကြိမ်ရှိ

မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်ခဲ့ရာ ဇူလိုင် ၃ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ကျော်က ပြင်းအား ရစ်ချ်တာစကေး ၄ ဒသမ ၈ ဖြင့် လှုပ်ခတ်မှုအကြိမ်ရေ(၁၉၈) ကြိမ်ရှိပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ယနေ့ လှုပ်ခတ်ခဲ့သည့် ငလျင်မှာ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့ အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ၊ အနက် ၁၀ ကီလိုမီတာဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ ဖြင့် လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။

"ငလျင်ကြီးလှုပ်ပြီးရင် ငလျင်ငယ်လှုပ်တတ်တဲ့ သဘာဝအရ နောက်ဆက်တွဲငလျင်တွေ လှုပ်ခဲ့တယ်။ လှုပ်ခဲ့တဲ့ အင်အားတွေကို ကြည့်ရင် ၅ ဒသမ ၅ နဲ့ အများဆုံးပါ။ လှုပ်ခတ်မှုအကြိမ်ရေကလည်း မေလနောက်ပိုင်း ခြားသွားတာတွေ့ရတယ်။ ငလျင်နဲ့ပတ်သက်လို့ ပြင်ပမှာ ကောလာဟလတွေနဲ့ အများပြည်သူ ထိတ်လန့်တာတွေ ရှိတယ်"ဟု မိုး/ဇလတာဝန်ရှိသူတစ်ဦးက ပြောသည်။

ငလျင်လှုပ်ရှားမှုမှတ်တမ်းများအရ မတ်လတွင် ၄၇ ကြိမ်၊ ဧပြီလတွင် ၁၁၂ ကြိမ်၊ မေလတွင် ၂၃ ကြိမ်၊ ဇွန်လတွင် ၁၂ ကြိမ်နှင့် ဇူလိုင် ၃ ရက်အထိ နှစ်ကြိမ်လှုပ်ခတ်ခဲ့ရာ စုစုပေါင်း ၁၉၈ ကြိမ်ရှိပြီဖြစ်ကြောင်း၊ အဆိုပါ ငလျင်များအနက် အင်အားရစ်ချ်တာစကေး ၄ နှင့် ၅ ကြား လှုပ်ခတ်မှု အကြိမ် ၂၀ ကျော်နှင့် ၅ နှင့် ၆ အကြား ၄ ကြိမ် လှုပ်ခတ်ခဲ့သည်။

"ငလျင်လှုပ်ခတ်မှုကို ကြိုတင်ခန့်မှန်းနိုင်တာ မရှိသေးဘဲ လှုပ်ပြီးမှသာ ဘယ်လောက်အင်အားနဲ့ လှုပ်တယ်၊ ဘယ်နေရာဗဟိုပြုတယ်ဆိုတာမျိုး ထုတ်ပြန်နိုင်တာပါ။ ဒါကြောင့် ငလျင်နဲ့ပတ်သက်တဲ့ ဘေးကြုံတဲ့အခါ လှုပ်ခတ်စဉ် လိုက်နာရမယ့်အချက်တွေ၊ လှုပ်ခတ်ပြီးချိန်တွေမှာ ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာမျိုးတွေမှာ လိုက်နာလုပ်ဆောင်သင့်တာတွေကို အများပြည်သူ သိရှိထားသင့်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငလျင်ဘေးကာကွယ်ရေး အပြင် သဘာဝဘေးအမျိုးမျိုးနဲ့ ပတ်သက်သည့် ကြိုတင်ကာကွယ်ရေး၊ လိုက်နာရမည့်အချက်များအား ပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဓာတ်တိုက်လေ့ကျင့်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀-၀-၀

## မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်နှင့် ရှစ်ပေခန့်အကွာထိ ပြန်လည်မြင့်တက်လာ


**မန္တလေး ဇူလိုင် ၃**

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ၁၀၁၅ စင်တီမီတာဖြစ်ရာ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၂၄၅ စင်တီမီတာ (ရှစ်ပေခန့်)အကွာထိ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ဇွန် ၁၁ ရက်က မန္တလေးဆိပ်ကမ်းတွင် ၁၁၂၉ စင်တီမီတာထိ မြင့်တက်လာခဲ့ရာက ယင်းနောက်ပိုင်း ပြန်လည်ကျဆင်းသွားရာ ဇွန် ၁၅ ရက်က ၅၈၂ စင်တီမီတာ(စိုးရိမ်ရေမှတ်အောက် ထက်ဝက်ကျော်) ကျဆင်းခဲ့သည်ဟု မိုး/ဇလဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဇွန် ၁၁ ရက်က အမြင့်ဆုံးရောက်ခဲ့ရာက အကျဘက်ကို တဖြည်းဖြည်း ဦးတည်လာပြီး ၁၃ ရက်မှာဆိုရင် ၁၀၄၄ စင်တီမီတာထိ ရောက်လာတယ်။ အဲ့ဒီနောက်ပိုင်း မြစ်ရေကျဆင်းလာရာကနေ ဇွန်လကုန်မှာ ၉၀၀ စင်တီမီတာအထက် ရောက်ရှိလာပြီး စိုးရိမ်ရေမှတ်အောက် ရှစ်ပေခန့်အလိုထိ ပြန်လည်မြင့်တက်လာတယ်"ဟု ၎င်းက ပြောသည်။ **(အပေါ်ယာပုံ)**

မြစ်ရေတိုင်းထွာချက်များအရ



ဇူလိုင် ၂၈ ရက်က ၉၁၆ စင်တီမီတာ၊ ၂၉ ရက်က ၉၄၄ စင်တီမီတာ၊ ၃၀ ရက်က ၉၇၂ စင်တီမီတာ၊ ဇူလိုင် ၁ ရက်က ၉၉၇ စင်တီမီတာနှင့် ယနေ့တွင် ၁၀၁၂ စင်တီမီတာသို့ မြင့်တက်ခဲ့ရာ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၂၄၅ စင်တီမီတာ(ရှစ်ပေခန့်)အလိုထိ မြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံအထက်ပိုင်း၊ ချင်းတွင်းမြစ်ရေနှင့် အောက်ပိုင်းဒေသများရှိ မြစ်အချို့တွင် မြစ်ရေမြင့်တက်လျက်ရှိရာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြစ်ရေသတိပေးချက်များ ထုတ်ပြန်အသိပေးလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ရေသည် တစ်နှစ်လျှင် သုံးကြိမ်ခန့် မြစ်ရေအတက်အကျ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာ အကြီးကိုကို(ကသာ) တို့ ပူးပေါင်း၍ လူငယ်ရေးရာ ဟောပြောပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ အ·ထ·က(၁)ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားမှူးက စာရေးဆရာအကြီးကိုကို(ကသာ)၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားပြီး စာတတ်သူတိုင်း စာဖတ်ပါ ခေါင်းစဉ်ဖြင့် စာရေးဆရာ အကြီးကိုကို(ကသာ)က လူငယ်ရေးရာများ ဟောပြောသည်။ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ မေးမြန်းပြီး စာရေးဆရာများက ပြန်လည်ဖြေကြား၍ မေးခွန်းမေးမြန်းသူများကို အမှတ်တရ စာအုပ်လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုပြုံးထံသို့ ကျောင်းစာကြည့်တိုက်အတွက် ငွေလှူငွေ ဝတ်ဆေးသားထုတ်ဝေသော စာအုပ်များကို စာရေးဆရာ အကြီးကိုကို(ကသာ)က ပေးအပ်လှူဒါန်းသည်။

အဆိုပါ လူငယ်ရေးရာဟောပြောပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၅၃)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးရှေ့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ပြသဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်တွင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေများ၊ ကလေးသူငယ်များ၏ အကျိုးစီးပွားဆောင်ရွက်ချက်များ၊ ကလေးသူငယ်များ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးအလုပ်သမား ဟူသည် အဘယ်နည်း၊ ကလေးအလုပ်သမားသည် တရားမဝင်ပါ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့် အကြောင်းအရာများအား ပြသထားခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် နေ့ထူးနေ့မြတ်များနှင့် အခါအားလျော်စွာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဓိသနီးမြေ)

*-*-*-*-*



## ကျွန်းလှမြို့နယ်၌ အမျိုးသား အလွတ်တန်း(ဖိတ်ခေါ်) ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ကျွန်းလှ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဖူဆယ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ပြီး မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်း(ဖိတ်ခေါ်) ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည် ဖြစ်သည်။


အမျိုးသား အလွတ်တန်း (ဖိတ်ခေါ်)ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၅ ရက်က စတင်ပြီး မိုးလုံ၊ လေလုံ အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျွန်းလှမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်ထွန်းထံမှ သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အားကစားဝါသနာရှင်များ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၄၈၀)

**စာပေမြင့်မှ လူမျိုးတင့်မည်။**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြန်မာ

## ရာပြည့် မန်းတက္ကသိုလ်

\- - - - - - - - - -

* အမိတက္ကသိုလ်မှာ
အမှတ်တရ များစွာ
ရက်စွဲတွေ များစွာ
ခြေရာတွေ များစွာ
ထားရစ်ခဲ့သူတွေထဲမှာ
ငါလည်း ပါခဲ့တယ် ။

* ယနေ့ မန်းတက္ကသိုလ်
နပျိုမှုတွေ လျော့ကျ
အချိန်ယန္တရားကြီးနဲ့
ရှင်သန်ခြင်းတွေကြားမှာ
နှစ် ၁၀၀ ပြည့်သွားပြီ ။

* တက္ကသိုလ်နယ်မြေထဲက
သစ်ရွက်ကြွေတွေကြား ...
စိန်ပန်းနီတွေကြား ...
ကင်တင်းတွေကြား ...
ဘော်ဒါဆောင်တွေကြား ...
သင်ခန်းစာတွေကြား ...
ခြေရာတွေ များစွာ ။

* မန်းတက္ကသိုလ်ရဲ့
အရွက် ၁၀၀ စာမျက်နှာထဲမှာ
ပညာရှင်များစွာ မွေးဖွား
ကျေးဇူးကြီးမားလှပါ၏ ။

* နှစ်(၁၀၀)ပြည့်သွားတဲ့
၂၀၂၅ ဇူလိုင် ၄ ရက်ကနေ
အားသစ်တွေနဲ့ ရှန်းထပြီး
မရပ်မနား ခရီးဆက်
မန်းတက္ကသိုလ်ရဲ့ နေ့ရက်များ ။ ။

**ခိုင်ဆက်ဝေ (ATK)**



# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား



**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားပြည်နယ်၌ ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင် သီတင်းပတ် နှစ်ပတ်ခန့်အတွင်း ငလျင်အကြိမ်ရေ ၁၀၀၀ ကျော် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ဇူလိုင် ၃ ရက် ညနေ ၄ နာရီ ၁၃ မိနစ်ခန့်က လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်မှာ တိုကာရာကျွန်း၏ ကမ်းလွန်တွင် တည်ရှိကြောင်း မိုးလေဝသ အေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။ ငလျင်အနက်မှာ ၂၀ ကီလိုမီတာခန့်ရှိပြီး ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီ အန္တရာယ်မရှိကြောင်း သိရသည်။

ငလျင်ကြောင့် ပျက်စီးမှု၊ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု များနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ

# ဗီယက်နမ်ပို့ကုန်များအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က ထုတ်ဖော်ပြောကြား



**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန်ပြည်ထောင်စုသည် ဗီယက်နမ်ပို့ကုန်များစွာအပေါ် ကတိပြုထားသည်ထက် လျှော့ချထားသည့် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်သွားမည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ ၁၀ ခုမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံနှင့် တင်းမာမှုများကို ဖြေလျှော့ပေးခဲ့ပြီး ပို့ကုန်အများစုအပေါ် အခွန်များတိုးမြှင့်ကောက်ခံနိုင်ခြင်းမပြုမီ ရက်ပိုင်းအလိုတွင် ၎င်းက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ်ကုန်စည်များမှာ ယခုအခါ ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခံရမည်ဖြစ်ပြီး၊ တတိယနိုင်ငံများမှ ဗီယက်နမ်ကို ဖြတ်သန်းသည့် တစ်ဆင့်ခံတင်ပို့မှုများမှာမူ ၄၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခံရမည်ဟု ကုန်သွယ်ရေး သဘောတူညီချက်ကို ကြေညာစဉ် သမ္မတထရမ့်က အတည်ပြုသည်။

ဗီယက်နမ်အနေဖြင့် အမေရိကန်ထုတ်ကုန်များကို သုညရာခိုင်နှုန်း အခွန်ဖြင့် လက်ခံသွားမည်ဟုလည်း၎င်းက ထပ်လောင်းပြောကြားသည်။

"ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ယခုလေးတင် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာရခြင်းမှာ ကျွန်တော့်အတွက် အလွန်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်"ဟု ဗီယက်နမ် ထိပ်တန်းခေါင်းဆောင် တိုလမ်နှင့် စကားပြောဆိုပြီးနောက် ထရုသ်ဆိုရှယ် လူမှုကွန်ရက်တွင် ထရမ့်က ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0

# စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်မာနက် ဖနွမ်းပင်မြို့၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**ဖနွမ်းပင် ဇူလိုင် ၃**

စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းသည် ဇူလိုင် ၂ ရက်က ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် ဖနွမ်းပင်မြို့၌ တွေ့ဆုံပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စိုက်ပျိုးရေးကုန်သွယ်မှုတို့ အပါအဝင်ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးနယ်ပယ်များစွာတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မစ္စတာဝေါင်းသည် ကမ္ဘောဒီးယားသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်ရာ ကြိုဆိုဧည့်ခံပွဲ အခမ်းအနားအပြီးတွင် ၎င်းသည် မစ္စတာ ဟွန်မာနက်နှင့် တွေ့ဆုံခဲ့ကာ စင်ကာပူနှင့်ကမ္ဘောဒီးယားအကြား ခိုင်မာသော ဆက်ဆံရေးကို ပြန်လည်အတည်ပြုခဲ့ကြကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့် နှစ်ပတ်လည် ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုခဲ့သည်။

အဆိုပါခေါင်းဆောင်နှစ်ဦးသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ကာဗွန်ခရက်ဒစ်၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံခေတ်အားလိုင်းတည်ဆောက်ရေးတို့ အပါအဝင် ကဏ္ဍအသီးသီးတွင် နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် သဘောတူညီခဲ့ကြောင်းသိရသည်။

Mon

STOP AIDS

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# အေ ၃၃၀ နီယို အဝေးပြေး ခရီးသည်တင်လေယာဉ်များ မလေးရှားလေကြောင်းက ထပ်မံမှာယူရန် နီးစပ်နေပြီ

**ပဲရစ် ဇူလိုင် ၃**

မလေးရှားလေကြောင်းသည် ဥရောပအခြေစိုက်အဲယားဘတ်စ်ကုမ္ပဏီမှ အေ ၃၃၀ နီယို အဝေးပြေး ခရီးသည်တင်လေယာဉ်များ ထပ်မံမှာယူရန် နီးစပ်နေပြီဟု စက်မှုလုပ်ငန်းသတင်းရင်းမြစ်များက ဇူလိုင် ၂ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခုသီတင်းပတ်နှောင်းပိုင်းတွင် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင် ပဲရစ်မြို့သို့ သွားရောက်လည်ပတ်စဉ်အတွင်း နိုင်ငံတော်လေကြောင်းလိုင်းနှင့် မလေးရှားလေကြောင်းလိုင်းတို့၏ မိခင်ကုမ္ပဏီက အဆိုပါသဘောတူညီချက်ကို ကြေညာနိုင်ဖွယ်ရှိကြောင်း ယင်းသတင်းရင်းမြစ်များတွင် ပါရှိသည်။

အဆိုပါအဖွဲ့အနေဖြင့် အေ ၃၃၀ နီယိုလေယာဉ်များ ဝယ်ယူရန်အတွက် ရွေးချယ်ခွင့်များကို အကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ အကဲဖြတ်နေကြောင်း မလေးရှားလေကြောင်းအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ အစ်ဇ်ဟာမ်အစ္စမေးလ်က နယူးစထရိတ်တိုင်းမ်စ်သတင်းစာသို့ ထုတ်ဖော်ပြောကြားသည်။

ထို့နောက်တွင် ပိုမိုကြီးမားသည့် အဲယားဘတ်စ် အေ ၃၅၀၊ ဘိုးရင်း ၇၈၇ သို့မဟုတ် ဘိုးရင်း ၇၇၇ အိတ်ချ်စ် လေယာဉ်များကို ထပ်ပေါင်းထည့်ရန်အတွက် လေယာဉ် ထုတ်လုပ်သူများအကြား ပြိုင်ဆိုင်မှုတစ်ခုပုံစံဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Mon



# ကေအမ်ပီ တူနာပရာတာမာဂျာယာဟုအမည်ရသော သင်္ဘောနစ်မြုပ် ပျောက်ဆုံးနေသူများကို အင်ဒိုနီးရှား ကယ်ဆယ်ရေးသမားများ ရှာဖွေနေ



**ဂျကာတာ ဇူလိုင် ၃**

ခရီးသွားများအကြိုက် ဘာလီအပန်းဖြေကျွန်းသို့ သွားရောက်စဉ် သင်္ဘောနစ်မြုပ်ခဲ့ပြီးနောက် ပျောက်ဆုံးနေသော လူ ၆၁ ဦးကို ဇူလိုင် ၃ ရက်တွင် အင်ဒိုနီးရှား ကယ်ဆယ်ရေးသမားများ လိုက်လံရှာဖွေနေကြကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါသင်္ဘောသည် ဇူလိုင် ၂ ရက်ညသန်းခေါင်မတိုင်မီက အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကျွန်း ဂျာဗားမှ ထင်ရှားသော အပန်းဖြေခရီးစဉ်အဖြစ် ရွက်လွှင့်သွားလာနေစဉ် ဘာလီရေလက်ကြားတွင် နစ်မြုပ်ခဲ့ခြင်း ဖြစ်ကြောင်း ဆူရာဘာယာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ကေအမ်ပီ တူနာပရာတာမာဂျာယာဟု အမည်ရသော သင်္ဘောသည် ဆိပ်ကမ်းမှ ထွက်ခွာပြီး ၂၅ မိနစ် ခန့်အကြာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျာဗားအခြေစိုက်အဖွဲ့က အတည်ပြုသည်။

သင်္ဘော၏ ခရီးသည်စာရင်း အချက်အလက်များအရ ခရီးသည် ၅၃ ဦးနှင့် အမှုထမ်း ၁၂ ဦးရှိခဲ့ပြီး နောက်ပိုင်းထုတ်ပြန်ချက်တစ်ရပ်အရ ဇူလိုင် ၃ ရက် နံနက်အစောပိုင်းတွင် လူလေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

Mon

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၆၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးနေစိုးဦး(၉/မနတ(နိုင်)၀၆၂၅၁၉)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ (ရေ+မီး မီတာအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးမောင်ဖြူ(ဘ)ဦးမောင်ယွန်း(၉/မရတ(နိုင်)၀၄၅၁၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေစော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဗဗ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅၂၃)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၁၄ ဒသမ ၃၁)ဧက အကျယ်အဝန်းရှိ ဦးကင်းအမည်ပေါက် ယာမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ၁။ ဦးကင်း(ဘ)ဦးစိန်(၉/စကတ(နိုင်)၀၂၁၀၆၀)၊ ၂။ ဒေါ်ထွေးကြည်(ဘ)ဦးပု(၉/စကတ(နိုင်)၀၄၇၆၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသီတာထွန်း ( LL.B, D.B.L, D.I.L )**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၀)၃၀-၈-၂၀၁၆**

**အကွက်(H-98)၊ ၅၆လမ်း၊ နိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၀၀၃၄၂၊ ၀၉-၇၈၇၄၅၃၈၃၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၄)၊ ဦးပိုင်နံပါတ်(၅၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (ရေ+မီး မီတာအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးမြင့်သိန်း(ဘ)ဦးလှအောင်(၉/ပသက(နိုင်)၀၆၂၀၅၂)(PTI-၀၃၉၃၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေစော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဗဗ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅၂၃)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၁၀ ဒသမ ၄၀)ဧက အကျယ်အဝန်းရှိ ဦးစံညွန့်အမည်ပေါက် ယာမြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်မေ(ဘ)ဦးနက်ထယ်(၉/စကတ(နိုင်)၀၄၇၆၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသီတာထွန်း ( LL.B, D.B.L, D.I.L )**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၀)၃၀-၈-၂၀၁၆**

**အကွက်(H-98)၊ ၅၆လမ်း၊ နိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၀၀၃၄၂၊ ၀၉-၇၈၇၄၅၃၈၃၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၇)၊ ဦးပိုင်နံပါတ်(၁၃၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ယဉ်ယဉ်နွယ်(ဘ)ဦးစိန်မြင့်(၁၃/ကမန(နိုင်)၀၉၀၃၉၀)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်တင်မော်လွင်(ဘ)ဦးဖိုးသောင်း(ခ)သောင်းရွှေ(၉/ခမစ(နိုင်)၀၀၈၅၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေစော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဗဗ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၅)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်၊ လျှပ်စစ်မီတာအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပြီး လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးချို(ဘ)ဦးကြီးစိန်(၉/မနတ(နိုင်)၀၇၈၀၉၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးသီရိချို(ဘ)ဦးချို(၉/ပကခ(နိုင်)၀၁၈၀၄၀)ကိုင်ဆောင်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**

**ဒေါ်အေးသီရိချို(ဘ)ဦးချို**

**(၉/ပကခ(နိုင်)၀၁၈၀၄၀)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(၂၂၅)၊ ဗိုကုန်းရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၁၅၅၈၉၁၊ ၀၉-၉၇၁၇၈၂၀၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြစိန်(ဘ)ဦးသောင်း(၅/စကန(နိုင်)၁၂၅၆၉၄)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးဖုန်းမြင့်အောင်(ဘ)ဦးသိန်းအောင်(၉/မရမ(နိုင်)၀၀၅၇၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေစော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဗဗ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တက ဝင်းစိန်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်(၂၀၅၂/၂၀၂၄)အရ ဆက်ခံပိုင်ဆိုင်ခဲ့သူ ဒေါ်သီတာဝင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(၃/၂၀၂၂)အရ လွှဲအပ်ခံရပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးနိုင်ဝင်းအောင်(ဘ)ဦးထွန်းခ(၈/ရစက(နိုင်)၁၁၄၇၅၄)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**လမ်း(၃၀)အေ၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၃၅၀၀၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၄၃/အောင်ပင်လယ်မြောက်ကန်တွင်း)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၂ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ ဦးဘဆွေအမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်အသုံးပြုခွင့်လက်မှတ် ပုံစံ(၇)ရရှိထားသော လယ်ယာမြေကွက်နှင့်တကွ ယင်းလယ်ယာမြေကွက်ပေါ်ရှိ ပေါက်ရောက်စိုက်ပျိုးထားသည့် သီးနှံများအပါအဝင် မြေကွက်၏ လုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းအောင်(ဘ)ဦးမြင့်ကျော်(၁၃/ကခန(နိုင်)၀၁၉၀၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါလယ်ယာမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ယင်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးမြတ်မွန် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ**

**၁၆လမ်းနှင့် ၁၇လမ်းကြား၊ ၆၃(ဘီ)လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၇၄၀၉၂၆၊ ၀၉-၉၆၄၀၄၀၉၂၆**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ **MIA** ကိုယ်ပိုင်အထက်တန်းကျောင်း **Grade-11** တွင် ပညာသင်ကြားနေသော မောင်ထူးမြတ်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနန်းအောင်မိုး ဖြစ်ပါကြောင်း။

**ဦးနန်းအောင်မိုး**

**၉/အမရ(နိုင်)၀၆၉၉၇၁**

## ပျောက်ဆုံးကြောင်း

ဦးအောင်မျိုးခန့်(ဘ)ဦးကျော်ကျော်စိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၄၄၀၉၈)ကိုင်ဆောင်သူ၏ Passport No. MJ-520493 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးအောင်မျိုးခန့်**

**ဖုန်း ၀၉-၄၂၆၆၉၂၇၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ပြည်သူတို့ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိ အပြည့်အဝနဲ့ နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေမွေးကြရပါမယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

## နိုင်ငံတကာမူပိုင်ခွင့်ညီလာခံသို့ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား






နေပြည်တော် ဇူလိုင် ၃

နိုင်ငံတကာမူပိုင်ခွင့် ညီလာခံကို ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပမည်ဖြစ်ရာ ယနေ့ ပထမနေ့ Session 1 တွင် မူပိုင်ခွင့် ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်၍ အမှာစကားပြောကြားသည်။

အထောက်အကူဖြစ်

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌက နိုင်ငံတကာမူပိုင်ခွင့် ညီလာခံကို မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးတို့ကို အားပေးလှုံ့ဆော်သည့် မူပိုင်ခွင့်ဂေဟစနစ် အားကောင်းစေရန် ဦးတည်ချက်ဖြင့် စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ သိပ္ပံနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် မူပိုင်ခွင့်၏ အရေးပါပုံကို သိရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့် မူပိုင်ခွင့်ညီလာခံသည် နိုင်ငံတော်တွင် လက်ရှိကျင့်သုံး ဆောင်ရွက်နေသည့် မူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကို အခြားမူပိုင်ခွင့်စနစ် ဖွံ့ဖြိုးသော နိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာနိုင်စေရန်၊ ပိုမိုကောင်းမွန်သည့် စနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ညီလာခံ၏ ပြည်တွင်း၊ ပြည်ပ စာတမ်းများမှတစ်ဆင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်၍ မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များကို အရွယ်အပိုင်းအခြားအလိုက် မူပိုင်ခွင့်အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်ရန် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်းများကို မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသူ ပြည်သူများ၊ တီထွင်သူ၊ ဖန်တီးသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖြန့်ဝေသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

တက်ရောက်

နိုင်ငံတကာမူပိုင်ခွင့် ညီလာခံ Session 1 သို့ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသော ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်း/ပြည်ပမှ မူပိုင်ခွင့်ပညာရှင်များ၊ Keynote Speaker များနှင့် စာတမ်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

၂၀၂၄ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၁၇-၆-၂၀၂၅ ရက်တွင် စာရွက်စာတမ်းအမှတ် A/ 79/ 878-S/ 2025/ 247 ဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းအစီရင်ခံစာအား ဇွန်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေး၌ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများကို လေးစားလိုက်နာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသိပေးလိုသည်။

အရွယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (UN CTFMR) တို့ နှစ်ဖက်တွေ့ဆုံပူးပေါင်း၍ တိုက်ဆိုင်စိစစ်မှုများကို နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဖက်အကြား အစည်းအဝေး (၄) ကြိမ်တိုင် ကျင်းပခဲ့ပြီး စိစစ်တွေ့ရှိသည့် အသက်မပြည့်သေးသည့် စစ်သည် ၉၃ ဦး တပ်မတော်မှ နုတ်ထွက်ခွင့်ပေးကာ မိဘများထံ ကောင်းမွန်စွာ ပြန်လည်အပ်နှံခဲ့ပါသည်။ နုတ်ထွက်ခွင့်ရသည့် စစ်သည်တစ်ဦးချင်းအလိုက် ထောက်ပံ့ကြေးငွေများ ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် နှစ်ဖက်ပူးတွဲတိုက်ဆိုင် စိစစ်မှုပြုလုပ်ခဲ့ရာ အသက်မပြည့်ဟု သံသယရှိသူစစ်သည် ၁၈ ဦးသာ ကျန်ရှိသည်။

စာမျက်နှာ ၉ သို့ ○

## ၂၀၂၅ ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မက္ကဆီကိုအသင်းနှင့် အမေရိကန်အသင်းတို့ တွေ့ဆုံ

၂၀၂၅ ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် မက္ကဆီကိုအသင်းနှင့် အမေရိကန်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။

မက္ကဆီကိုအသင်းနှင့် အမေရိကန်အသင်းတို့ယှဉ်ပြိုင်ကစားမည့် ၂၀၂၅ ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့် ပွဲစဉ်ကို လာမည့် ဇူလိုင် ၇ရက် မြန်မာစံတော်ချိန် နံနက် ၅နာရီ ၃၀မိနစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မည်သည့်အသင်းက ချန်ပီယံဆုအား ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)